# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

# ကုန်သွယ်ရေးဦးစီးဌာန

# ကုန်သွယ်မှုသတင်းလွှာ

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် စတင်ထုတ်ဝေသည်။

၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ( ၂၀ ) ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ( ၁၂ )၊ အမှတ် ( ၂ )

## " စီးပွားကူးသန်းရှေ့သို့လှမ်း"

## ပို့ကုန်၊ သွင်းကုန်ဆိုင်ရာ သတင်းလွှာ

၁။ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့ ၊ နံနက် (၁၀:၀၀) နာရီအချိန်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့သော ငါးစားသုံးမှုဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကား ပြောကြားခဲ့ပါသည်။

၂။ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် COVID-19 ကပ်ရောဂါဖြစ်ပွားမှုကြောင့် မြန်မာနိုင်ငံမှ ငါးများ ပြည်ပတင်ပို့မှုနှင့် ပြည်တွင်းစားသုံးမှုကျဆင်းနေသဖြင့် ပြည်တွင်းငါးစားသုံးမှုတိုးတက်စေရေးအတွက် ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ပါကြောင်း၊ ရေထွက်ပစ္စည်းတင်ပို့နိုင်မှုမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၇၃၂.၁၅၆ သန်းရှိပြီး၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၈၅၈.၈၆၉ သန်းထိ တိုးတက်လာပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် တစ်နှစ်လုံးသည် ကိုဗစ်ကာလအတွင်း လုပ်ငန်းများ ဆောင်ရွက်ရခြင်းဖြစ်သဖြင့် ပြည်ပသို့ ငါးအပါအဝင် ရေထွက်ပစ္စည်းတင်ပို့မှုများတွင် အခက်အခဲများ၊ အဆင်မပြေမှုများရှိသကဲ့သို့ ပြည်တွင်းဈေးကွက်တွင်လည်း ငါးနှင့် ရေထွက်ကုန်ပစ္စည်း စားသုံးမှုများ လျော့နည်းနေသဖြင့် ပြည်တွင်းပြည်ပဈေးကွက်များတွင် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပူးပေါင်းဆောင်ရွက်သွားကြရန် အစည်းအဝေးပြုလုပ်၍ နှီးဆော်ရခြင်းဖြစ်ပါကြောင်း၊ ပြည်တွင်းငါးစားသုံးမှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မည်သည့်နည်းလမ်းဖြင့်မဆို ကြိုးစားသွားကြရန်တိုက်တွန်းလိုပါကြောင်း၊ COVID-19 ရောဂါကြောင့် သယ်ယူပို့ဆောင်ရေးအဆင်မပြေမှုများ၊ ရောင်းချမှုအဆင်မပြေမှုများရှိခြင်းကြောင့် ပြည်တွင်းတွင်လည်း ငါးစားသုံးမှုတိုးတက်လာစေရေးဝိုင်းဝန်းဆောင်ရွက်စေလိုပါကြောင်း၊ ပုံမှန်အတိုင်းသာ ရေလုပ်ငန်းကဏ္ဍကို အကောင်အထည်ဖော်နိုင်မည်ဆိုပါက နှစ်နှစ်၊ သုံးနှစ်အတွင်း အလွန်တိုးတက်သော ကဏ္ဍတစ်ခုဖြစ်လာနိုင်ကြောင်း၊ COVID-19 ကာလအတွင်း၌ ကုန်သွယ်မှုဖွံ့ဖြိုးရေးလုပ်ငန်းများကို New Normal ပုံစံဖြင့် လုပ်ဆောင်သွားရမည်

ဖြစ်ပါကြောင်း၊ အားလုံးက ဦးဆောင်စည်းရုံး ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တက်ရောက်လာသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ ၊ စီးပွားရေးသံမှူးများ၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ငါးစားသုံးမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းစားသုံးမှုသာမက ပြည်ပသို့ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေးအတွက် နည်းလမ်းပေါင်းစုံမှ ဝိုင်းဝန်းစဉ်းစားအဖြေရှာ အကြံပြုသုံးသပ်ပေးစေလိုပါကြောင်း ပြောကြားခဲ့ပါသည်။

၃။ အစည်းအဝေးတွင် ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ အမြဲတမ်းအတွင်းဝန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရ အဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ စီးပွားရေးသံမှူးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် သက်ဆိုင်ရာ အသင်းအဖွဲ့များက Online မှ ပါဝင်ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို နေ့လည် (၁၃:၃၀) နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

၄။ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီ၏ (၁/၂၀၂၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို(၁၂-၁-၂၀၂၁)ရက်နေ့ (၁၃:၀၀)နာရီတွင် ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေး၌ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ အဖွင့်အမှာ စကားပြောကြားရာတွင် ၂၀၂၁ ခုနှစ် ပြည်ပ မော်တော်ယာဉ်တင်သွင်းခြင်းအတွက် ထုတ်လုပ်သည့်ခုနှစ် သတ်မှတ်ချက်တွင် ယာဉ်အို၊ ယာဉ်ဟောင်းအစီအစဉ်၊ တစ်ဦးချင်းအစီအစဉ်ဟူ၍ ကန့်သတ်ထားခြင်းမရှိတော့ဘဲ လူစီးယာဉ်တင်သွင်းခြင်းတွင် (၃)နှစ်အတွင်း ထုတ်လုပ်သည့် မော်တော်ယာဉ်၊ လုပ်ငန်းသုံးယာဉ် တင်သွင်းခြင်းတွင် (၅)နှစ်အတွင်း ထုတ်လုပ်သည့်မော်တော်ယာဉ်၊ မီးသတ်ယာဉ်၊ လူနာတင်ယာဉ်များ တင်သွင်းခြင်းတွင် (၁၀)နှစ်အတွင်း ထုတ်လုပ်သည့်မော်တော်ယာဉ်နှင့် လုပ်ငန်းသုံးယန္တရားများအတွက် လွန်ခဲ့သော (၁၅) နှစ်အတွင်း ထုတ်လုပ်သည့်ယာဉ်များ တင်သွင်းရန် သတ်မှတ်ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်/စစ်မှုထမ်းကောင်းတံဆိပ်/ရဲမှုထမ်းကောင်း တံဆိပ်ရရှိပြီးသော ပြည်သူ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းများအား ရာထူးအဆင့်အလိုက် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခြင်းအတွက် ကြော်ငြာချက်ထုတ်ပြန်ခဲ့ပြီး ခွင့်ပြုခဲ့ရာ(၁၈-၁၂-၂၀၂၀) ရက်နေ့မှ(၇-၁-၂၀၂၁)ရက်နေ့အထိ (၁၂၃) ဦး ခွင့်ပြုထုတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ပြည်သူ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းများ အရောင်းပြခန်းမှ မော်တော်ယာဉ်ဝယ်ယူခြင်းအတွက်လည်း လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိပါသည်။

## ပြည်ပပို့ကုန် (၁-၁၀-၂၀၂၀ မှ ၁၅ - ၁ - ၂၀၂၁ ) ထိ (ပင်လယ်ရေကြောင်း + နယ်စပ်)

**တန်ဖိုး-ဒေါ်လာသန်းပေါင်း**

| စဉ် | ပို့ကုန်ပစ္စည်းအုပ်စု | ပင်လယ်ရေကြောင်း | နယ်စပ် | ပေါင်း |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၅၃၈.၁၄၄ | ၉၂၂.၂၁၇ | **၁၄၆၀.၃၆၁** |
| ၂ | တိရစ္ဆာန်ထွက်ပစ္စည်း | ၁.၀၅၀ | ၁၄.၂၀၄ | **၁၅.၂၅၄** |
| ၃ | ရေထွက်ပစ္စည်း | ၁၂၆.၉၇၂ | ၁၅၁.၄၀၆ | **၂၇၈.၃၇၈** |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၃၃၀.၈၄၄ | ၂၁.၇၇၅ | **၃၅၂.၆၁၉** |
| ၅ | သစ်တောထွက်ပစ္စည်း | ၃၇.၃၃၇ | ၂.၁၀၄ | **၃၉.၄၄၁** |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၁၄၁၀.၈၅၆ | ၆၁၂.၁၅၀ | **၂၀၂၃.၀၀၆** |
| ၇ | အခြား | ၆၉.၉၀၂ | ၆၃.၆၁၄ | **၁၃၃.၅၁၆** |
| | **စုစုပေါင်း** | **၂၅၁၅.၁၀၅** | **၁၇၈၇.၄၇၀** | **၄၃၀၂.၅၇၅** |

## ပြည်ပသွင်းကုန် ( ၁ - ၁၀ -၂၀၂၀ မှ ၁၅ - ၁ - ၂၀၂၁ ) ထိ (ပင်လယ်ရေကြောင်း + နယ်စပ်)

**တန်ဖိုး-ဒေါ်လာသန်းပေါင်း**

| စဉ် | သွင်းကုန်ပစ္စည်းအုပ်စု | ပင်လယ်ရေကြောင်း | နယ်စပ် | ပေါင်း |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | ၁၁၄၉.၅၁၉ | ၄၄၀.၁၁၄ | **၁၅၈၉.၆၃၃** |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | ၁၃၅၀.၉၈၅ | ၁၁၇.၅၇၁ | **၁၄၆၈.၅၅၆** |
| ၃ | လူသုံးကုန်ပစ္စည်း | ၇၇၂.၉၀၂ | ၁၇၉.၆၄၆ | **၉၅၂.၅၄၈** |
| ၄ | CMP | ၃၈၂.၄၁၄ | ၁၇၄.၆၃၅ | **၅၅၇.၀၄၉** |
| | **စုစုပေါင်း** | **၃၆၅၅.၈၂၀** | **၉၁၁.၉၆၆** | **၄၅၆၇.၇၈၆** |

## ပြည်ပပို့ကုန်/ သွင်းကုန် ( ၁-၁၀-၂၀၂၀ မှ ၁၅ - ၁ - ၂၀၂၁ ) ထိ ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ချက် (ပင်လယ်ရေကြောင်း + နယ်စပ်)

**တန်ဖိုး-ဒေါ်လာသန်းပေါင်း**

| စဉ် | အကြောင်းအရာ | ( ၁ - ၁၀ - ၂၀၂၀ မှ ၁၅-၁-၂၀၂၁ ထိ ) | | | ( ၁ - ၁၀ - ၂၀၁၉ မှ ၁၅-၁-၂၀၂၀ ထိ ) | | | နှိုင်းယှဉ်ချက် (တိုး/လျော့) | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ပို့ကုန် | သွင်းကုန် | ကုန်သွယ်မှုပမာဏ | ပို့ကုန် | သွင်းကုန် | ကုန်သွယ်မှုပမာဏ | ပို့ကုန် | သွင်းကုန် | ကုန်သွယ်မှုပမာဏ |
| ၁ | ပင်လယ်ရေကြောင်း | ၂၅၁၅.၁၀၅ | ၃၆၅၅.၈၂၀ | ၆၁၇၀.၉၂၅ | ၃၁၅၅.၅၃၅ | ၄၇၄၈.၀၈၈ | ၇၉၀၃.၆၂၃ | -၆၄၀.၄၃၀ | -၁၀၉၂.၂၆၈ | -၁၇၃၂.၆၉၈ |
| ၂ | နယ်စပ် | ၁၇၈၇.၄၇၀ | ၉၁၁.၉၆၆ | ၂၆၉၉.၄၃၆ | ၂၃၀၅.၇၃၆ | ၁၂၄၂.၀၂၅ | ၃၅၄၇.၇၆၁ | -၅၁၈.၂၆၆ | -၃၃၀.၀၅၉ | -၈၄၈.၃၂၅ |
| | **စုစုပေါင်း** | **၄၃၀၂.၅၇၅** | **၄၅၆၇.၇၈၆** | **၈၈၇၀.၃၆၁** | **၅၄၆၁.၂၇၁** | **၅၉၉၀.၁၁၃** | **၁၁၄၅၁.၃၈၄** | **-၁၁၅၈.၆၉၆** | **-၁၄၂၂.၃၂၇** | **-၂၅၈၁.၀၂၃** |

## ကုန်သွယ်ရေးဦးစီးဌာန

## ကုန်သွယ်ရေးစခန်းများမှ ( ၁-၁၀-၂၀၂၀ မှ ၁၅ - ၁ - ၂၀၂၁ ) ထိ ယခင်နှစ်အလားတူကာလနှင့် ပို့ကုန်နှိုင်းယှဉ်ချက်

တန်ဖိုး-ဒေါ်လာသန်းပေါင်း

| စဉ် | ပို့ကုန်အုပ်စု | (၁-၁၀-၂၀၂၀ မှ ၁၅-၁-၂၀၂၁ ထိ ) | | | (၁-၁၀-၂၀၁၉ မှ ၁၅-၁-၂၀၂၀ ထိ ) | | | တိုး/လျော့ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း |
| ၁ | လယ်ယာထွက်ပစ္စည်း | | ၈၂၂.၂၁၇ | ၈၂၂.၂၁၇ | | ၅၁၃.၆၄၂ | ၅၁၃.၆၄၂ | | ၄၀၈.၅၇၅ | ၄၀၈.၅၇၅ |
| ၂ | တိရိစ္ဆာန်ထွက် | | ၁၄.၂၀၄ | ၁၄.၂၀၄ | | ၄၈.၀၉၇ | ၄၈.၀၉၇ | | -၃၃.၈၉၃ | -၃၃.၈၉၃ |
| ၃ | ရေထွက် | | ၁၅၁.၄၀၆ | ၁၅၁.၄၀၆ | | ၁၉၅.၃၈၆ | ၁၉၅.၃၈၆ | | -၄၃.၉၈၀ | -၄၃.၉၈၀ |
| ၄ | သတ္တုတွင်းထွက် | ၃.၄၁၂ | ၁၈.၃၆၃ | ၂၁.၇၇၅ | ၃၀၇.၂၀၈ | ၁၅.၇၃၃ | ၃၂၂.၉၄၁ | -၃၀၃.၇၉၆ | ၂.၆၃၀ | -၃၀၁.၁၆၆ |
| ၅ | သစ်တောထွက် | | ၂.၁၀၄ | ၂.၁၀၄ | | ၀.၆၇၂ | ၀.၆၇၂ | | ၁.၄၃၂ | ၁.၄၃၂ |
| ၆ | စက်မှုကုန်ချော | ၅၆၆.၆၅၄ | ၄၅.၄၉၆ | ၆၁၂.၁၅၀ | ၁၁၂၁.၀၂၄ | ၈၁.၇၉၆ | ၁၂၀၂.၈၂၀ | -၅၅၄.၃၇၀ | -၁၆.၃၀၀ | -၅၉၀.၆၇၀ |
| ၇ | အခြား | ၃.၂၀၈ | ၆၀.၄၀၆ | ၆၃.၆၁၄ | ၁.၁၀၃ | ၂၁.၀၇၅ | ၂၂.၁၇၈ | ၂.၁၀၅ | ၃၉.၃၃၁ | ၄၁.၄၃၆ |
| | **စုစုပေါင်း** | **၅၇၃.၂၇၄** | **၁၂၁၄.၁၉၆** | **၁၇၈၇.၄၇၀** | **၁၄၂၉.၃၃၅** | **၈၇၆.၄၀၁** | **၂၃၀၅.၇၃၆** | **-၈၅၆.၀၆၁** | **၃၃၇.၇၉၅** | **-၅၁၈.၂၆၆** |

## ကုန်သွယ်ရေးဦးစီးဌာန

## ကုန်သွယ်ရေးစခန်းများမှ (၁-၁၀-၂၀၂၀ မှ ၁၅ - ၁ - ၂၀၂၁) ထိ ယခင်နှစ်အလားတူကာလနှင့် သွင်းကုန်နှိုင်းယှဉ်ချက်

တန်ဖိုး-ဒေါ်လာသန်းပေါင်း

| စဉ် | သွင်းကုန်အုပ်စု | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (၁၅-၁-၂၀၂၁)ထိ | | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (၁၅-၁-၂၀၂၀)ထိ | | | တိုး/လျော့ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း |
| ၁ | ရင်းနှီးမြှုပ်နှံမှု | ၁၇.၂၈၈ | ၄၂၂.၈၂၆ | ၄၄၀.၁၁၄ | ၂၈၂.၉၅၁ | ၃၆၄.၄၄၈ | ၆၄၇.၃၉၉ | -၂၆၅.၆၆၃ | ၅၈.၃၇၈ | -၂၀၇.၂၈၅ |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်း | ၄.၃၇၃ | ၁၁၃.၁၉၈ | ၁၁၇.၅၇၁ | ၁.၄၄၉ | ၁၇၉.၀၉၃ | ၁၈၀.၅၄၂ | ၂.၉၂၄ | -၆၅.၈၉၅ | -၆၂.၉၇၁ |
| ၃ | လူသုံးကုန် | ၀.၀၂၅ | ၁၇၉.၆၂၁ | ၁၇၉.၆၄၆ | ၀.၂၁၅ | ၂၀၂.၄၃၀ | ၂၀၂.၆၄၅ | -၀.၁၉၀ | -၂၂.၈၀၉ | -၂၂.၉၉၉ |
| ၄ | CMP | | ၁၇၄.၆၃၅ | ၁၇၄.၆၃၅ | | ၂၁၁.၄၃၉ | ၂၁၁.၄၃၉ | | -၃၆.၈၀၄ | -၃၆.၈၀၄ |
| | **စုစုပေါင်း** | **၂၁.၆၈၆** | **၈၉၀.၂၈၀** | **၉၁၁.၉၆၆** | **၂၈၄.၆၁၅** | **၉၅၇.၄၁၀** | **၁၂၄၂.၀၂၅** | **-၂၆၂.၉၂၉** | **-၆၇.၁၃၀** | **-၃၃၀.၀၅၉** |

# ကုန်သွယ်ရေးဦးစီးဌာန

## စခန်းများအလိုက် ပို့ကုန်/သွင်းကုန် ( ၁-၁၀-၂၀၂၀ ) မှ ( ၁၅ - ၁ - ၂၀၂၁ ) ထိ

## ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ချက်စာရင်း

**တန်ဖိုး-ဒေါ်လာသန်းပေါင်း**

| စဉ် | စခန်းအမည် | (၁-၁၀-၂၀၂၀ မှ ၁၅-၁-၂၀၂၁ ထိ) | | | (၁-၁၀-၂၀၁၉ မှ ၁၅-၁-၂၀၂၀ ထိ) | | | နှိုင်းယှဉ်ချက် (တိုး/လျော့) | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ပို့ကုန် | သွင်းကုန် | ကုန်သွယ်မှုပမာဏ | ပို့ကုန် | သွင်းကုန် | ကုန်သွယ်မှုပမာဏ | ပို့ကုန် | သွင်းကုန် | ကုန်သွယ်မှုပမာဏ |
| ၁ | မူဆယ် | ၇၄၀.၅၁၆ | ၅၆၈.၂၆၄ | ၁၃၀၈.၇၈၀ | ၁၀၆၄.၂၆၅ | ၅၈၈.၀၅၇ | ၁၆၅၂.၃၂၂ | -၃၂၃.၇၄၉ | -၁၉.၇၉၃ | -၃၄၃.၅၄၂ |
| ၂ | လွယ်ဂျယ် | ၇၀.၃၉၆ | ၁၂.၂၈၀ | ၈၂.၆၇၆ | ၂၇.၁၅၆ | ၅.၆၃၇ | ၃၂.၇၉၃ | ၄၃.၂၄၀ | ၆.၆၄၃ | ၄၉.၈၈၃ |
| ၃ | ချင်းရွှေဟော် | ၁၆၁.၂၈၂ | ၂၆.၀၂၆ | ၁၈၇.၃၀၈ | ၁၅၉.၅၄၆ | ၂၉.၃၀၀ | ၁၈၈.၈၄၆ | ၁.၇၃၆ | -၃.၂၇၄ | -၁.၅၃၈ |
| ၄ | ကံပိုက်တီ | ၁၄၄.၉၃၁ | ၁.၉၇၃ | ၁၄၆.၉၀၄ | ၁၃၃.၉၂၀ | ၆.၀၀၅ | ၁၃၉.၉၂၅ | ၁၁.၀၁၁ | -၄.၀၃၂ | ၆.၉၇၉ |
| ၅ | ကျိုင်းတုံ | ၄.၅၃၁ | ၀.၁၀၇ | ၄.၆၃၈ | ၂.၀၄၇ | ၀.၈၁၀ | ၂.၈၅၇ | ၂.၄၈၄ | -၀.၇၀၃ | ၁.၇၈၁ |
| ၆ | တာချီလိတ် | ၃၆.၅၀၅ | ၁၆.၁၅၁ | ၅၂.၆၅၆ | ၁၂.၆၈၄ | ၂၄.၂၂၇ | ၃၆.၉၁၁ | ၂၃.၈၂၁ | -၈.၀၇၆ | ၁၅.၇၄၅ |
| ၇ | မြဝတီ | ၇၁.၈၂၅ | ၂၃၂.၂၃၇ | ၃၀၄.၀၆၂ | ၆၆.၄၄၈ | ၂၄၄.၉၂၃ | ၃၁၁.၃၇၁ | ၅.၃၇၇ | -၁၂.၆၈၆ | -၇.၃၀၉ |
| ၈ | ကော့သောင်း | ၉၅.၂၉၂ | ၁၂.၄၄၀ | ၁၀၇.၇၃၂ | ၉၀.၂၄၉ | ၁၆.၅၆၅ | ၁၀၆.၈၁၄ | ၅.၀၄၃ | -၄.၁၂၅ | ၀.၉၁၈ |
| ၉ | မြိတ် | ၁၂.၁၇၀ | ၂၀.၉၃၈ | ၃၃.၁၀၈ | ၁၄.၈၉၆ | ၄၁.၆၆၇ | ၅၆.၅၆၃ | -၂.၇၂၆ | -၂၀.၇၂၉ | -၂၃.၄၅၅ |
| ၁၀ | ထီးခီး | ၃၆၁.၃၆၂ | ၆.၈၅၈ | ၃၆၈.၂၂၀ | ၆၇၅.၀၂၈ | ၄.၀၅၂ | ၆၇၉.၀၈၀ | -၃၁၃.၆၆၆ | ၂.၈၀၆ | -၃၁၀.၈၆၀ |
| ၁၁ | မောတောင် | ၅.၂၁၄ | ၀.၈၂၃ | ၆.၀၃၇ | ၅.၄၆၇ | ၂.၀၉၈ | ၇.၅၆၅ | -၀.၂၅၃ | -၁.၂၇၅ | -၁.၅၂၈ |
| ၁၂ | မယ်စဲ့ | | | | ၁.၂၄၁ | ၀.၁၅၃ | ၁.၃၉၄ | -၁.၂၄၁ | -၀.၁၅၃ | -၁.၃၉၄ |
| ၁၃ | စစ်တွေ | | ၁၃.၄၁၃ | ၁၃.၄၁၃ | ၇.၈၀၈ | ၂၇၇.၀၀၆ | ၂၈၄.၈၁၄ | -၇.၈၀၈ | -၂၆၃.၅၉၃ | -၂၇၁.၄၀၁ |
| ၁၄ | မောင်တော | | | | ၄.၉၀၁ | ၀.၀၂၂ | ၄.၉၂၃ | -၄.၉၀၁ | -၀.၀၂၂ | -၄.၉၂၃ |
| ၁၅ | တမူး | ၁၆.၁၉၆ | ၀.၂၉၄ | ၁၆.၄၉၀ | ၂၃.၀၁၇ | ၀.၁၁၆ | ၂၃.၁၃၃ | -၆.၈၂၁ | ၀.၁၇၈ | -၆.၆၄၃ |
| ၁၆ | ရိဒ် | ၆၇.၂၅၀ | ၀.၁၆၂ | ၆၇.၄၁၂ | ၁၆.၈၀၃ | ၁.၃၈၇ | ၁၈.၁၉၀ | ၅၀.၄၄၇ | -၁.၂၂၅ | ၄၉.၂၂၂ |
| ၁၇ | ထန်တလန် | | | | | | | | | |
| ၁၈ | ကျိုင်းလပ် | | | | ၀.၂၆၀ | | ၀.၂၆၀ | -၀.၂၆၀ | | -၀.၂၆၀ |
| | **စုစုပေါင်း** | **၁၇၈၇.၄၇၀** | **၉၁၁.၉၆၆** | **၂၆၉၉.၄၃၆** | **၂၃၀၅.၇၃၆** | **၁၂၄၂.၀၂၅** | **၃၅၄၇.၇၆၁** | **-၅၁၈.၂၆၆** | **-၃၃၀.၀၅၉** | **-၈၄၈.၃၂၅** |

# ပြည်ပပို့ကုန်သီးနှံများ၏ ပြည်တွင်းပြည်ပ ဈေးကွက်သတင်းများ

## (က) မတ်ပဲ

**ကျပ်/တန်**

| စဉ် | မြို့အမည် | ၂၂-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၂၀ | ၅-၁-၂၀၂၁ | ၁၂-၁-၂၀၂၁ |
|---|---|---|---|---|---|
| ၁ | ရန်ကုန် (RAW) | ၉၈၅၉၀၀ | ၉၇၀၆၀၀ | ၉၇၆၇၀၀ | ၉၇၆၇၀၀ |
| ၂ | မန္တလေး | ၁၀၅၁၄၀၀ | ၉၆၉၄၀၀ | ၉၅၉၆၀၀ | ၉၆၉၄၀၀ |
| ၃ | ဟင်္သာတ | ၉၈၂၈၀၀ | ၉၅၂၂၀၀ | ၉၅၂၂၀၀ | ၉၅၈၃၀၀ |
| ၄ | ပဲခူး | ၁၀၂၅၀၀၀ | ၉၇၉၈၀၀ | ၉၄၉၂၀၀ | ၉၆၇၅၀၀ |

**USD/MT**

| စဉ် | မြို့အမည် | ၂၂-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၂၀ | ၅-၁-၂၀၂၁ | ၁၂-၁-၂၀၂၁ |
|---|---|---|---|---|---|
| ၁ | မူဆယ် | ၇၈၀ | ၇၈၀ | ၇၈၀ | ၇၇၀ |
| ၂ | ရွှေလီ | ၇၈၀ | ၇၈၀ | ၇၈၀ | ၇၇၀ |
| ၃ | အိန္ဒိယ(မွန်ဘိုင်း) | ၉၄၀ | ၉၄၀ | ၉၈၅ | ၉၈၁ |

## (ခ) ပဲတီစိမ်း

**ကျပ်/တန်**

| စဉ် | မြို့အမည် | ၂၂-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၂၀ | ၅-၁-၂၀၂၁ | ၁၂-၁-၂၀၂၁ |
|---|---|---|---|---|---|
| ၁ | ရန်ကုန် (ပဲခူးရွှေဝါ) | ၁၄၂၉၉၀၀ | ၁၃၉၀၀၀၀ | ၁၃၆၈၆၀၀ | ၁၃၉၉၃၀၀ |

**USD/MT**

| စဉ် | မြို့အမည် | ၂၂-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၂၀ | ၅-၁-၂၀၂၁ | ၁၂-၁-၂၀၂၁ |
|---|---|---|---|---|---|
| ၁ | မူဆယ် | ၇၅၀ | ၇၅၀ | ၇၅၀ | ၈၀၀ |
| ၂ | ရွှေလီ | ၇၅၀ | ၇၅၀ | ၇၅၀ | ၈၀၀ |

## (ဂ) ကုလားပဲဖြူလုံးကြီး

**ကျပ်/တန်**

| စဉ် | မြို့အမည် | ၂၂-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၂၀ | ၅-၁-၂၀၂၁ | ၁၂-၁-၂၀၂၁ |
|---|---|---|---|---|---|
| ၁ | ရန်ကုန် | ၉၄၀၀၀၀ | ၉၄၀၀၀၀ | ၉၁၈၅၀၀ | ၉၁၈၅၀၀ |
| ၂ | မန္တလေး | ၉၆၂၆၀၀ | ၉၆၂၆၀၀ | ၉၅၂၂၀၀ | ၉၃၀၈၀၀ |
| ၃ | မုံရွာ | ၉၄၄၃၀၀ | ၉၄၁၂၀၀ | ၉၃၄၅၀၀ | ၉၂၅၃၀၀ |

**USD/MT**

| စဉ် | မြို့အမည် | ၂၂-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၂၀ | ၅-၁-၂၀၂၁ | ၁၂-၁-၂၀၂၁ |
|---|---|---|---|---|---|
| ၁ | အိန္ဒိယ(မွန်ဘိုင်း) | ၁၅၁၁ | ၁၄၈၄ | ၁၅၁၈ | ၁၅၁၉ |

## (ဃ) ပဲလွန်းဖြူ

**ကျပ်/တန်**

| စဉ် | မြို့အမည် | ၂၂-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၂၀ | ၅-၁-၂၀၂၁ | ၁၂-၁-၂၀၂၁ |
|---|---|---|---|---|---|
| ၁ | ရန်ကုန် (မြစ်ဝ) | ၁၄၆၀၅၀၀ | ၁၆၄၄၂၀၀ | ၁၆၉၆၃၀၀ | ၁၅၆၁၅၀၀ |
| ၂ | ဟသ်ာတ | ၁၅၀၀၃၀၀ | ၁၆၂၇၀၀၀ | ၁၆၈၄၀၀၀ | ၁၃၇၇၈၀၀ |

**USD/MT**

| စဉ် | မြို့အမည် | ၂၂-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၂၀ | ၅-၁-၂၀၂၁ | ၁၂-၁-၂၀၂၁ |
|---|---|---|---|---|---|
| ၁ | မူဆယ် | ၅၀၀ | ၅၀၀ | ၅၀၀ | ၅၀၀ |
| ၂ | ရွှေလီ | ၅၀၀ | ၅၀၀ | ၅၀၀ | ၅၀၀ |

## ( င ) ပဲစဉ်းငုံ

**ကျပ်/တန်**

| စဉ် | မြို့အမည် | ၂၂-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၂၀ | ၅-၁-၂၀၂၁ | ၁၂-၁-၂၀၂၁ |
|---|---|---|---|---|---|
| ၁ | ရန်ကုန် | ၇၁၀၀၀၀ | ၇၃၉၀၀၀ | ၇၅၀၀၀၀ | ၇၇၀၀၀၀ |
| ၂ | မန္တလေး | ၆၇၃၆၀၀ | ၆၆၃၂၀၀ | ၇၂၄၄၀၀ | ၇၃၄၈၀၀ |
| ၃ | မုံရွာ | ၇၀၄၂၀၀ | ၇၀၄၂၀၀ | ၇၂၈၇၀၀ | ၇၄၀၉၀၀ |

**USD/MT**

| စဉ် | မြို့အမည် | ၂၂-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၂၀ | ၅-၁-၂၀၂၁ | ၁၂-၁-၂၀၂၁ |
|---|---|---|---|---|---|
| ၁ | အိန္ဒိယ(မွန်ဘိုင်း) | ၇၃၁ | ၇၇၇ | ၇၉၃ | ၇၆၃ |

## ( စ ) ကြက်သွန်နီ

ကျပ်/တန်

| စဉ် | မြို့အမည် | ၂၂-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၂၀ | ၅-၁-၂၀၂၁ | ၁၂-၁-၂၀၂၁ |
|---|---|---|---|---|---|
| ၁ | ရန်ကုန် (ဆိပ်ဖြူစ) | ၂၁၄၃၀၀ | ၂၁၄၃၀၀ | ၃၃၆၈၀၀ | ၃၃၆၈၀၀ |
| ၂ | မုံရွာ | ၃၆၇၄၀၀ | ၃၆၇၄၀၀ | ၄၂၈၆၀၀ | ၄၂၈၆၀၀ |
| ၃ | မန္တလေး | ၃၆၇၄၀၀ | ၃၆၇၄၀၀ | ၃၆၇၄၀၀ | ၃၆၇၄၀၀ |
| ၄ | ပျဉ်းမနား | ၃၀၆၁၀၀ | ၃၀၆၁၀၀ | ၃၆၇၄၀၀ | ၃၆၇၄၀၀ |
| ၅ | ပခုက္ကူ | ၃၀၆၁၀၀ | ၃၀၆၁၀၀ | ၂၁၄၃၀၀ | ၂၄၄၉၀၀ |
| ၆ | မကွေး | ၃၀၆၁၀၀ | ၃၀၆၁၀၀ | ၃၀၆၁၀၀ | ၃၀၆၁၀၀ |
| ၇ | ပဲခူး | ၃၉၈၀၀၀ | ၃၉၈၀၀၀ | ၃၉၈၀၀၀ | ၃၀၆၁၀၀ |
| ၈ | ပြည် | ၂၄၄၉၀၀ | ၂၄၄၉၀၀ | ၂၄၄၉၀၀ | ၂၄၄၉၀၀ |

USD/MT

| စဉ် | မြို့အမည် | ၂၂-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၂၀ | ၅-၁-၂၀၂၁ | ၁၂-၁-၂၀၂၁ |
|---|---|---|---|---|---|
| ၁ | အိန္ဒိယ(မွန်ဘိုင်း) | ၂၄၄ | ၂၄၅ | ၂၃၉ | ၂၃၈ |

## ( ဆ ) ကြက်သွန်ဖြူ

ကျပ်/တန်

| စဉ် | မြို့အမည် | ၂၂-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၂၀ | ၅-၁-၂၀၂၁ | ၁၂-၁-၂၀၂၁ |
|---|---|---|---|---|---|
| ၁ | ရန်ကုန် (အောင်ပန်းစ) | ၁၄၀၈၄၀၀ | ၁၄၀၈၄၀၀ | ၁၄၆၉၇၀၀ | ၁၄၀၈၄၀၀ |
| ၂ | မန္တလေး | ၁၂၂၄၇၀၀ | ၁၂၂၄၇၀၀ | ၁၂၂၄၇၀၀ | ၁၂၂၄၇၀၀ |
| ၃ | မကွေး | ၁၄၆၉၇၀၀ | ၁၄၆၉၇၀၀ | ၁၄၆၉၇၀၀ | ၁၄၆၉၇၀၀ |
| ၄ | ပြည် | ၁၈၃၇၁၀၀ | ၁၅၃၀၉၀၀ | ၁၅၃၀၉၀၀ | ၁၆၅၃၄၀၀ |
| ၅ | တောင်ကြီး | ၁၀၇၁၆၀၀ | ၁၁၀၂၃၀၀ | ၁၂၂၄၇၀၀ | ၁၃၄၇၂၀၀ |

USD/MT

| စဉ် | မြို့အမည် | ၂၂-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၂၀ | ၅-၁-၂၀၂၁ | ၁၂-၁-၂၀၂၁ |
|---|---|---|---|---|---|
| ၁ | အိန္ဒိယ(မွန်ဘိုင်း) | ၄၈၇ | ၄၉၀ | ၄၇၉ | ၄၇၆ |

## ( ဇ ) နနွင်းတက်

ကျပ်/တန်

| စဉ် | မြို့အမည် | ၂၂-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၂၀ | ၅-၁-၂၀၂၁ | ၁၂-၁-၂၀၂၁ |
|---|---|---|---|---|---|
| ၁ | မန္တလေး | ၁၄၃၉၁၀၀ | ၁၄၃၉၁၀၀ | ၁၄၃၉၁၀၀ | ၁၄၃၉၁၀၀ |
| ၂ | တောင်ကြီး | ၁၂၂၄၇၀၀ | ၁၂၂၄၇၀၀ | ၁၂၂၄၇၀၀ | ၁၂၂၄၇၀၀ |

USD/MT

| စဉ် | မြို့အမည် | ၂၂-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၂၀ | ၅-၁-၂၀၂၁ | ၁၂-၁-၂၀၂၁ |
|---|---|---|---|---|---|
| ၁ | အိန္ဒိယ(မွန်ဘိုင်း) | ၁၁၉၁ | ၁၁၉၈ | ၁၁၀၈ | ၁၁၀၂ |

## ( ဈ ) ချင်း

ကျပ်/တန်

| စဉ် | မြို့အမည် | ၂၂-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၂၀ | ၅-၁-၂၀၂၁ | ၁၂-၁-၂၀၂၁ |
|---|---|---|---|---|---|
| ၁ | မုံရွာ | ၁၂၂၄၇၀၀ | ၁၂၂၄၇၀၀ | ၁၂၂၄၇၀၀ | ၁၁၀၂၃၀၀ |
| ၂ | မန္တလေး | ၁၄၆၉၇၀၀ | ၁၄၆၉၇၀၀ | ၁၁၀၂၃၀၀ | ၁၁၀၂၃၀၀ |
| ၃ | တောင်ကြီး(အောင်ပန်း) | ၁၃၄၇၂၀၀ | ၁၃၄၇၂၀၀ | ၁၄၀၈၄၀၀ | ၁၄၀၈၄၀၀ |
| ၄ | မကွေး | ၁၃၄၇၂၀၀ | ၁၃၄၇၂၀၀ | ၁၂၈၆၀၀၀ | ၁၂၈၆၀၀၀ |
| ၅ | ပြည် | ၁၁၀၂၃၀၀ | ၁၁၀၂၃၀၀ | ၁၁၀၂၃၀၀ | ၁၁၀၂၃၀၀ |

USD/MT

| စဉ် | မြို့အမည် | ၂၂-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၂၀ | ၅-၁-၂၀၂၁ | ၁၂-၁-၂၀၂၁ |
|---|---|---|---|---|---|
| ၁။ | အိန္ဒိယ(မွန်ဘိုင်း) | ၁၃၅၃ | ၁၃၆၁ | ၁၂၃၁ | ၁၂၂၄ |

## ( ည ) ဆန် (ပြည်တွင်း) ဧည့်မထ

ကျပ်/ပြည်

| စဉ် | မြို့အမည် | ဧည့်မထ မိုးဆန်သစ် (၁၀၈ ပေါင် တစ်အိတ်) ဈေး | | | |
|---|---|---|---|---|---|
| | | ၂၂-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၂၀ | ၅-၁-၂၀၂၁ | ၁၂-၁-၂၀၂၁ |
| ၁ | ရန်ကုန် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၂ | မန္တလေး | ၁၀၅၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၃ | ပျဉ်းမနား | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၄ | ပုသိမ် | ၁၀၀၀ | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ |
| ၅ | ဟင်္သာတ | ၁၀၀၀ | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ |
| ၆ | ပဲခူး | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၇ | ပြည် | ၉၀၀ | ၉၀၀ | ၉၀၀ | ၁၁၀၀ |
| ၈ | မုံရွာ (ရွှေမင်း) (ဟောင်း) | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ |
| ၉ | စစ်တွေ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၁၀ | သံတွဲ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |

## (ဠ) ဆန် (ပြည်ပ) ဒေါ့မထ ၂၅%

USD/PMT

| စဉ် | မြို့အမည် | ၂၂-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၂၀ | ၅-၁-၂၀၂၁ | ၁၂-၁-၂၀၂၁ |
|---|---|---|---|---|---|
| ၁ | ထိုင်း | ၅၁၄ | ၅၁၆ | ၅၁၆ | ၅၁၆ |
| ၂ | ဗီယက်နမ် | ၄၇၂ | ၄၇၇ | ၄၇၇ | ၄၈၃ |
| ၃ | အိန္ဒိယ | ၃၃၂ | ၃၃၂ | ၃၃၂ | ၃၂၈ |
| ၄ | ပါကစ္စတန် | ၃၇၂ | ၃၈၂ | ၃၈၂ | ၃၈၁ |

## (ဌ) စပါး (ဒေါ့မထ)

ကျပ်/တင်း ၁၀၀

| စဉ် | မြို့အမည် | ဒေါ့မထ မိုးစပါးသစ် (ကျပ်/၄၆ ပေါင် တင်း ၁၀၀) ဈေး | | | |
|---|---|---|---|---|---|
| | | ၂၂-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၂၀ | ၅-၁-၂၀၂၁ | ၁၂-၁-၂၀၂၁ |
| ၁ | ရန်ကုန် | ၆၀၄၀၀၀ | ၆၀၄၀၀၀ | ၅၈၀၀၀၀ | ၅၉၀၀၀၀ |
| ၂ | မန္တလေး | ၆၈၀၀၀၀ | ၆၈၀၀၀၀ | ၇၀၀၀၀၀ | ၇၃၀၀၀၀ |
| ၃ | ပျဉ်းမနား | ၆၈၀၀၀၀ | ၆၈၀၀၀၀ | ၆၈၀၀၀၀ | ၇၂၀၀၀၀ |
| ၄ | ပုသိမ် | ၆၃၀၀၀၀ | ၆၄၄၀၀၀ | ၆၄၄၀၀၀ | ၆၄၄၀၀၀ |
| ၅ | ပဲခူး | ၆၁၆၀၀၀ | ၆၁၆၀၀၀ | ၆၁၆၀၀၀ | ၆၁၆၀၀၀ |
| ၆ | ပြည် | ၆၁၆၀၀၀ | ၆၁၆၀၀၀ | ၆၁၆၀၀၀ | ၆၁၆၀၀၀ |
| ၇ | ရွှေဘို(ရှေမင်း) (ဟောင်း) | ၁၄၀၀၀၀၀ | ၁၄၀၀၀၀၀ | ၁၃၇၀၀၀၀ | ၁၃၃၀၀၀၀ |

## (ဍ) ပြောင်းဖူးစေ့

ကျပ်/တန်

| စဉ် | မြို့အမည် | ၂၂-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၂၀ | ၅-၁-၂၀၂၁ | ၁၂-၁-၂၀၂၁ |
|---|---|---|---|---|---|
| ၁ | ဘုရင့်နောင် | ၂၈၇၈၀၀ | ၂၈၇၈၀၀ | ၂၈၇၈၀၀ | ၂၉၃၉၀၀ |
| ၂ | မန္တလေး | ၂၅၅၃၀၀ | ၂၅၅၃၀၀ | ၂၅၅၃၀၀ | ၂၅၉၆၀၀ |
| ၃ | လားရှိုး | ၂၂၀၄၀၀ | ၂၂၀၄၀၀ | ၂၂၀၄၀၀ | ၂၂၀၄၀၀ |

USD/MT

| စဉ် | မြို့အမည် | ၂၂-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၂၀ | ၅-၁-၂၀၂၁ | ၁၂-၁-၂၀၂၁ |
|---|---|---|---|---|---|
| ၁ | မူဆယ် | ၁၄၀ | ၁၄၀ | ၁၄၀ | ၁၇၀ |
| ၂ | ရွှေလီ | ၁၄၀ | ၁၄၀ | ၁၄၀ | ၁၇၀ |
| ၃ | အိန္ဒိယ(မွန်ဘိုင်း) | ၁၉၁ | ၁၉၂ | ၁၉၂ | ၁၉၀ |

**( ဃ ) နှမ်းဖြူ**

**ကျပ်/တန်**

| စဉ် | မြို့အမည် | ၂၂-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၂၀ | ၅-၁-၂၀၂၁ | ၁၂-၁-၂၀၂၁ |
|---|---|---|---|---|---|
| ၁ | မန္တလေး | ၁၇၁၄၆၀၀ | ၁၆၇၃၆၀၀ | ၁၇၂၈၁၀၀ | ၁၇၀၁၀၀၀ |
| ၂ | မုံရွာ | ၁၇၁၄၆၀၀ | ၁၆၇၃၆၀၀ | ၁၆၃၃၂၀၀ | ၁၆၃၃၂၀၀ |

**USD/MT**

| စဉ် | မြို့အမည် | ၂၂-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၂၀ | ၅-၁-၂၀၂၁ | ၁၂-၁-၂၀၂၁ |
|---|---|---|---|---|---|
| ၁ | မူဆယ် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၂ | ရွှေလီ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၃ | အိန္ဒိယ(မွန်ဘိုင်း) | ၁၁၅၁ | ၁၁၅၇ | ၁၀၉၅ | ၁၀၈၈ |

**(ဏ) နှမ်းနက်**

**ကျပ်/တန်**

| စဉ် | မြို့အမည် | ၂၂-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၂၀ | ၅-၁-၂၀၂၁ | ၁၂-၁-၂၀၂၁ |
|---|---|---|---|---|---|
| ၁ | မန္တလေး(စမုံစ) | ၂၄၂၂၆၀၀ | ၂၄၄၉၅၀၀ | ၂၃၈၁၅၀၀ | ၂၁၇၇၆၀၀ |

**USD/MT**

| စဉ် | မြို့အမည် | ၂၂-၁၂-၂၀၂၀ | ၂၉-၁၂-၂၀၂၀ | ၅-၁-၂၀၂၁ | ၁၂-၁-၂၀၂၁ |
|---|---|---|---|---|---|
| ၁ | မူဆယ် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၅၅၀ |
| ၂ | ရွှေလီ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၅၅၀ |
| ၃ | အိန္ဒိယ(မွန်ဘိုင်း) | ၁၁၆၄ | ၁၁၇၁ | ၁၁၄၉ | ၁၁၄၃ |

**(တ) ရာဘာ**

**ဒေါ်လာ/တန်**

| စဉ် | အမျိုးအစား | ၅-၁-၂၀၂၁ | | ၁၂-၁-၂၀၂၁ | |
|---|---|---|---|---|---|
| | | ပြည်တွင်း | ပြည်ပ | ပြည်တွင်း | ပြည်ပ |
| ၁ | RSS-1 | ၂၁၃၇ | ၂၂၃၄ | ၂၁၀၂ | ၂၂၂၄ |
| ၂ | RSS-2 | ၂၀၅၄ | ၂၂၁၄ | ၂၀၂၀ | ၂၂၀၄ |
| ၃ | RSS-3 | ၁၉၇၀ | ၂၁၉၆ | ၁၉၃၈ | ၂၁၈၆ |
| ၄ | RSS-4 | ၁၈၈၇ | ၂၁၈၆ | ၁၈၅၆ | ၂၁၇၆ |
| ၅ | RSS-5 | ၁၈၀၄ | ၂၁၇၀ | ၁၇၇၄ | ၂၁၆၁ |

**Source: မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း ၊ rubberboard.org.in**

## ရွှေဈေးနှုန်း

ကျပ်/ကျပ်သား

| စဉ် | နေ့စွဲ | ပြည်တွင်းရွှေ | | ပြည်ပရွှေ | ဒေါ်လာ |
|---|---|---|---|---|---|
| | | ကျပ်/ ကျပ်သား | ဒေါ်လာ/ အောင်စ | ဒေါ်လာ/ အောင်စ | |
| ၁ | ၂၂ - ၁၂ -၂၀၂၀ | ၁၃၂၆၅၀၀ | ၁၈၉၈.၃၂ | ၁၈၈၀.၂၁ | ၁၃၃၁ |
| ၂ | ၂၃ - ၁၂ -၂၀၂၀ | ၁၃၂၁၂၀၀ | ၁၈၈၉.၃၂ | ၁၈၆၅.၅၉ | ၁၃၃၂ |
| ၃ | ၂၄ - ၁၂ -၂၀၂၀ | ၁၃၂၉၀၀၀ | ၁၈၈၉.၁၃ | ၁၈၇၈.၆၅ | ၁၃၄၀ |
| ၁၈ | ၂၅ - ၁၂ -၂၀၂၀ | ၁၃၂၉၀၀၀ | ၁၈၈၉.၁၃ | ၁၈၇၈.၆၅ | ၁၃၄၀ |
| ၁၉ | ၂၆ - ၁၂ -၂၀၂၀ | ၁၃၂၉၀၀၀ | ၁၈၈၉.၁၃ | ၁၈၇၈.၆၅ | ၁၃၄၀ |
| ၂၀ | ၂၇ - ၁၂ -၂၀၂၀ | ၁၃၂၉၀၀၀ | ၁၈၈၉.၁၃ | ၁၈၇၈.၆၅ | ၁၃၄၀ |
| ၂၁ | ၂၈ - ၁၂ -၂၀၂၀ | ၁၃၃၂၀၀၀ | ၁၉၀၄.၇၆ | ၁၈၈၉.၈၅ | ၁၃၃၂ |
| ၂၂ | ၂၉ - ၁၂ -၂၀၂၀ | ၁၃၂၅၀၀၀ | ၁၈၉၇.၆၀ | ၁၈၈၃.၃၂ | ၁၃၃၀ |
| ၉ | ၃၀ - ၁၂ -၂၀၂၀ | ၁၃၂၅၀၀၀ | ၁၈၉၉.၀၃ | ၁၈၈၃.၉၄ | ၁၃၂၉ |
| ၁၀ | ၃၁ - ၁၂ -၂၀၂၀ | ၁၃၂၅၀၀၀ | ၁၈၉၉.၀၃ | ၁၈၈၃.၉၄ | ၁၃၂၉ |
| ၁၁ | ၁ - ၁ - ၂၀၂၁ | ၁၃၂၅၀၀၀ | ၁၈၉၉.၀၃ | ၁၈၈၃.၉၄ | ၁၃၂၉ |
| ၁၂ | ၂ - ၁ - ၂၀၂၁ | ၁၃၂၅၀၀၀ | ၁၈၉၉.၀၃ | ၁၈၈၃.၉၄ | ၁၃၂၉ |
| ၁၃ | ၃ - ၁ - ၂၀၂၁ | ၁၃၂၅၀၀၀ | ၁၈၉၉.၀၃ | ၁၈၈၃.၉၄ | ၁၃၂၉ |
| ၁၄ | ၄ - ၁ - ၂၀၂၁ | ၁၃၂၅၀၀၀ | ၁၈၉၉.၀၃ | ၁၈၈၃.၉၄ | ၁၃၂၉ |
| ၁၅ | ၅ - ၁ - ၂၀၂၁ | ၁၃၃၀၀၀၀ | ၁၉၁၆.၂၉ | ၁၉၄၁.၁၇ | ၁၃၂၂ |
| ၁၆ | ၆ - ၁ - ၂၀၂၁ | ၁၃၃၃၂၀၀ | ၁၉၂၅.၂၇ | ၁၉၄၇.၃၉ | ၁၃၁၉ |
| ၁၇ | ၇ - ၁ - ၂၀၂၁ | ၁၃၃၂၅၀၀ | ၁၉၁၁.၂၂ | ၁၉၃၁.၂၁ | ၁၃၂၈ |
| ၁၈ | ၈ - ၁ - ၂၀၂၁ | ၁၃၃၁၅၀၀ | ၁၉၀၉.၇၈ | ၁၉၁၀.၆၉ | ၁၃၂၈ |
| ၁၉ | ၉ - ၁ - ၂၀၂၁ | ၁၃၃၁၅၀၀ | ၁၉၀၉.၇၈ | ၁၉၁၀.၆၉ | ၁၃၂၈ |
| ၂၀ | ၁၀ - ၁ - ၂၀၂၁ | ၁၃၃၁၅၀၀ | ၁၉၀၉.၇၈ | ၁၉၁၀.၆၉ | ၁၃၂၈ |
| ၂၁ | ၁၁ - ၁ - ၂၀၂၁ | ၁၃၂၁၅၀၀ | ၁၈၈၁.၂၇ | ၁၈၄၀.၇၀ | ၁၃၃၈ |
| | | | | | |

**( ၂၀ - ၁ -၂၀၂၁ ) နေ့ ပြင်ပငွေလဲနှုန်း**

| စဉ် | စခန်းအမည် | ၁ ဒေါ်လာငွေလဲနှုန်း | |
|---|---|---|---|
| | | မြန်မာငွေလဲနှုန်း (ကျပ်) | မျက်နှာစာအလိုက် ငွေလဲနှုန်း (ယွမ်၊ဘတ်၊တာကာ၊ရူပီး) |
| ၁ | မူဆယ် | ၁၃၄၂ | ၆.၄၆၉ ယွမ် |
| ၂ | မြဝတီ | ၁၃၂၈ | ၃၀.၀၃ ဘတ် |
| ၃ | မောင်တော | ၁၂၅၅ | ၈၉.၀၀ တာကာ |
| ၄ | တမူး | ၁၃၃၆ | ၈၀.၇၃ ရူပီး |

**Source: နယ်စခန်းမှ နေ့စဉ်တင်ပြသည့် ပြင်ပငွေလဲနှုန်း**

## ၁၂-၁-၂၀၂၁ နေ့ ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ပဲဈေးနှုန်းများ

| စဉ် | အမျိုးအမည် | | USD/ MT | မှတ်ချက် |
|---|---|---|---|---|
| ၁ | မတ်ပဲ | ( က ) FAQ | ၇၄၅-၇၆၅ | |
| | | ( ခ ) SQ | ၈၅၅-၈၇၅ | |
| | | ( ဂ ) အခွံချွတ်အခြမ်း | ၁၀၆၅-၁၀၉၅ | |
| | | ( ဃ ) အခွံပါအခြမ်း | ၉၃၆ | |
| ၂ | ပဲတီစိမ်း | ( က ) FAQ | ၁၀၂၀-၁၀၅၀ | |
| | | ( ခ ) ရွှေဝါအသေး(under 3.5 mm) | ၁၀၅၀-၁၀၇၀ | |
| | | ( ဂ ) အခွံပါအလုံးသေးအခြမ်း | ၁၂၀၀-၁၂၃၀ | |
| | | ( ဃ ) အခွံချွတ်အလုံးသေးအခြမ်း | ၁၂၈၀-၁၃၀၀ | |
| ၃ | ပဲစဉ်းငုံ | ( က ) အနီ (FAQ) | ၅၅၅-၅၇၅ | |
| | | ( ခ ) ဖြူနီ (FAQ) | ၅၆၅-၅၈၅ | |
| | | ( ဂ ) အဖြူ (FAQ) | ၅၆၅-၅၈၅ | |
| ၄ | ပဲလွန်းဖြူ | ( က ) FAQ | ၁၁၅၀-၁၂၀၀ | |
| | | ( ခ ) SQ( 12.5 ဇကာ) | ၁၁၀၀-၁၁၅၀ | |
| ၅ | ပဲလွန်းနီ | ( က ) FAQ | ၆၅၀-၆၇၅ | |
| ၆ | ကုလားပဲဖြူလုံးကြီး | ( က ) FAQ | ၆၀၀-၆၃၀ | |
| | | ( ခ ) အခွံချွတ်အခြမ်း | ၈၀၀-၈၄၀ | |
| ၇ | မြေထောက်ပဲ | ( က ) FAQ | ၉၂၅-၉၇၅ | |
| | | ( ခ ) အခွံပါအခြမ်း | ၁၀၇၀-၁၀၈၀ | |
| | | ( ဂ ) အခွံချွတ်အခြမ်း | ၁၀၀၀-၁၁၅၀ | |
| ၈ | ပဲကြီး | | ၇၀၀-၇၅၀ | |

## ဝန်ထမ်းရေးရာသတင်းများ

၁။ ကုန်သွယ်ရေးဦးစီးဌာန၏ (၂၀-၁-၂၀၂၁) ရက်နေ့ရှိ ဖွဲ့စည်းပုံနှင့် ဝန်ထမ်းအင်အားစာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ဝန်ထမ်းအင်အား | အတည်ပြုဖွဲ့စည်းပုံ | ကန့်သတ် | ခန့်ပြီးအင်အား | ပို | လို |
|---|---|---|---|---|---|---|
| (က) | အရာထမ်း | ၂၉၈ | ၂၈၈ | ၂၇၇ | ၂ | ၁၃ |
| (ခ) | အမှုထမ်း | ၁၅၉၈ | ၉၃၉ | ၇၅၁ | - | ၁၈၈ |
| | **ပေါင်း** | **၁၈၉၆** | **၁၂၂၇** | **၁၀၂၈** | **၂** | **၂၀၁** |
| (ဂ) | နေ့စားပုတ်ပြတ် | | | **၅၁** | - | - |
| | **စုစုပေါင်း** | **၁၈၉၆** | **၁၂၂၇** | **၁၀၇၉** | **၂** | **၂၀၁** |

၂။ ၇-၁-၂၀၂၁ ရက်စွဲပါ စီမံရေးရာအမိန့်စာအမှတ် ၀၁၆၉/၂၀၂၀-၂၀၂၁ အရ ကုန်သွယ်ရေးဦးစီးဌာနတွင်တာဝန်ထမ်းဆောင်လျက်ရှိသော အရာထမ်း (၁) ဦး၊ အမှုထမ်း (၁) ဦးတို့ကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၅၄၊ နည်းဥပဒေခွဲ (က) အရ ၎င်းတို့အမည်နှင့်ယှဉ်တွဲဖော်ပြပါ နှစ်တိုးစေ့ရောက်သည့် နေ့ရက်မှစတင်၍ နှစ်တိုးအပါအဝင် လစာငွေများကို ခံစားခွင့်ပြုလိုက်သည်-

| စဉ် | အမည်/မှတ်ပုံတင်အမှတ် | ရာထူး | ဌာန | နှစ်တိုးခံစားမည့်ရက် | နှစ်တိုးလစာ(ကျပ်) |
|---|---|---|---|---|---|
| (က) | ဦးစိုးလွင်-၁<br>၁၂/မဂဒ (နိုင်) ၀၀၈၇၉၉ | ညွှန်ကြားရေးမှူး | ပို့/သွင်း<br>(ရန်ကုန်) | ၇-၁-၂၀၂၁ | ၃၉၄၀၀၀ |
| (ခ) | ဦးအောင်မင်းသူ-၂<br>၈/ပမန (နိုင်) ၁၂၂၀၀၂ | အငယ်တန်းစာရေး | လုပ်ငန်းစစ် | ၇-၁-၂၀၂၁ | ၁၈၆၀၀၀ |

၃။ ၈-၁-၂၀၂၁ ရက်စွဲပါ စီမံရေးရာအမိန့်စာအမှတ် ၀၁၇၀/၂၀၂၁ အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့ ရက်စွဲပါ ရုံးအမိန့်စာအမှတ်(၈၃/၂၀၂၀)အရ ကုန်သွယ်ရေးဦးစီးဌာန၊ နယ်စခန်းများညှိနှိုင်းကွပ်ကဲရေးဌာနခွဲမှ ဝန်ကြီးရုံးတွင်

တွဲဖက်တာဝန်ထမ်းဆောင်နေသော ဒေါ်ခင်ချိုသက်(၈/ရစက(နိုင်)၁၉၅၄၀၀)၊ လက်ထောက်ကွန်ပျူတာ လုပ်ဆောင်ရေးမှူးအား (၁-၁-၂၀၂၁) ရက်နေ့မှစ၍ ဝန်ကြီးရုံးသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

၄။ ၈-၁-၂၀၂၁ ရက်စွဲပါ စီမံရေးရာအမိန့်စာအမှတ် ၀၁၇၁/၂၀၂၁ အရ ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲမှ ဒေါ်သင်းသင်းကြည် (၈/တတက (နိုင်) ၁၄၁၄၆၆)၊ ဒု-ဦးစီးမှူးကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈)၊ နည်းဥပဒေ (၈၇) အရ (၁၂-၁-၂၀၂၁ မှ ၂၉-၁-၂၀၂၁ ထိ) လုပ်သက်ခွင့် (၁၈) ရက် ခံစားခွင့်ပြုလိုက်သည်။

၅။ ၈-၁-၂၀၂၁ ရက်စွဲပါ စီမံရေးရာအမိန့်စာအမှတ် ၀၁၇၂/၂၀၂၁ အရ ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲမှ ဦးဇော်နည်ဝင်း (၇/ရတန (နိုင်) ၀၆၆၈၀၉)၊ ဒု-ဦးစီးမှူးကို နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ အခန်း (၈)၊ နည်းဥပဒေ (၉၃) အရ (၁၂-၁-၂၀၂၁ မှ ၁၁-၂-၂၀၂၁ ထိ) ဆေးလက်မှတ်ခွင့် (၃၁) ရက် ခံစားခွင့်ပြုလိုက်ပြီး ၎င်းအမှုထမ်းသည် ခွင့်ရက်များ ကုန်ဆုံးပါကမိမိ၏ မူလတာဝန်များကို ပြန်လည်ထမ်းဆောင်ရန် Duty Report နှင့်အတူ သက်ဆိုင်ရာဆရာဝန်၏ ကျန်းမာကြောင်း ထောက်ခံချက် (Fit Certificate) ကို ပြန်လည်တင်ပြရန်ဖြစ်သည်။

၆။ ၁၂-၁-၂၀၂၁ ရက်စွဲပါ စီမံရေးရာအမိန့်စာအမှတ် ၀၁၇၃/၂၀၂၁ အရ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာ စာအမှတ် (၅/၂၀၂၁) အရ ကုန်သွယ်ရေးဦးစီးဌာန၊ မြိတ်ကုန်သွယ်ရေးစခန်းမှ ဦးသက်နိုင်ဦး (၈/စလန (နိုင်) ၀၁၆၄၀၈)၊ ဒုတိယညွှန်ကြားရေးမှူး (လစာနှုန်းကျပ် ၃၄၁၀၀၀-၄၀၀၀- ၃၆၁၀၀၀) အား ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၁၂) ရက်နေ့ နံနက်ပိုင်းမှစ၍ ညွှန်ကြားရေးမှူး (လစာနှုန်းကျပ် ၃၇၄၀၀၀-၄၀၀၀- ၃၉၄၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်ပြီး ကနဦးလစာကျပ် (၃၇၄၀၀ိ/-) မှ စတင်၍ ခံစား ခွင့်ပြုလိုက်သည်။

၇။ ၁၂-၁-၂၀၂၁ ရက်စွဲပါ စီမံရေးရာအမိန့်စာအမှတ် ၀၁၇၄/၂၀၂၁ အရ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာ စာအမှတ် (၆/၂၀၂၁) အရ ကုန်သွယ်ရေးဦးစီးဌာနမှ တစ်ဖက်ဖော်ပြပါ လက်ထောက်ညွှန်ကြားရေးမှူး

(လစာနှုန်းကျပ် ၃၀၈၀၀၀-၄၀၀၀- ၃၂၈၀၀၀) (၂) ဦးအား ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၁၂) ရက်နေ့ နံနက်ပိုင်းမှစ၍ ဒုတိယညွှန်ကြားရေးမှူး (လစာနှုန်းကျပ် ၃၄၁၀၀၀-၄၀၀၀- ၃၆၁၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်ပြီး ကနဦးလစာကျပ် (၃၄၁၀၀ိ/-) မှ စတင်၍ ခံစားခွင့်ပြုလိုက်သည်-

(က) ဦးချိုထွေး — ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲ
၁၂/သကတ (နိုင်) ၁၂၄၁၇၁

( ခ ) ဦးအေးမင်းထွန်း-၁ — ပို့ကုန်သွင်းကုန်ရုံး (မန္တလေး)
၁၂/စခန (နိုင်) ၀၁၉၈၃၈

၈။ ၁၂-၁-၂၀၂၁ ရက်စွဲပါ စီမံရေးရာအမိန့်စာအမှတ် ၀၁၇၅/၂၀၂၁ အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၂၁) အရ ကုန်သွယ်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဦးစီးအရာရှိ (လစာနှုန်းကျပ် ၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀) (၂) ဦးတို့အား ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၁၂) ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ထောက်ညွှန်ကြားရေးမှူး (လစာနှုန်းကျပ် ၃၀၈၀၀၀-၄၀၀၀- ၃၂၈၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်ပြီး ကနဦးလစာကျပ် (၃၀၈၀၀ိ/-) မှ စတင်၍ ခံစားခွင့်ပြုလိုက်သည်-

(က) ဒေါ်မေဖြိုးသူ — နှစ်နိုင်ငံကုန်သွယ်မှုဆက်ဆံရေးဌာနခွဲ
၁၀/မလမ (နိုင်) ၂၀၆၈၈၂

( ခ ) ဦးဝေဦးမောင် — တမူးကုန်သွယ်ရေးစခန်း
၁၂/ မရက (နိုင်) ၁၃၆၉၅၆

၉။ ၁၂-၁-၂၀၂၁ ရက်စွဲပါ စီမံရေးရာအမိန့်စာအမှတ် ၀၁၇၆/၂၀၂၁ အရ ကုန်သွယ်ရေးဦးစီးဌာန၊ မြိတ်ကုန်သွယ်ရေးစခန်းတွင် (၂၈-၁၂-၂၀၂၀) ရက်နေ့မှစ၍ စခန်းတာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်နေသော ဒုတိယညွှန်ကြားရေးမှူး ဦးသက်နိုင်ဦး (၈/စလန (နိုင်) ၀၁၆၄၀၈) အား ကုန်သွယ်ရေးဦးစီးဌာန၏ (၁၂-၁-၂၀၂၁) ရက်စွဲပါ စီမံရေးရာအမိန့်စာအမှတ် (၀၁၇၃/၂၀၂၁) အရ (၁၂-၁-၂၀၂၁) ရက်နေ့မှစ၍ ညွှန်ကြားရေးမှူး (လစာနှုန်းကျပ် ၃၇၄၀၀၀-၄၀၀၀- ၃၉၄၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားခဲ့

ပြီးဖြစ်သဖြင့် သက်ဆိုင်ရာစခန်းတာဝန်ခံ တာဝန်ဝတ္တရားများအား ညွှန်ကြားရေးမှူး ရာထူးဖြင့် ထမ်းဆောင်ရန် ဆက်လက်တာဝန်ပေးအပ်လိုက်သည်။

၁၀။ ၁၂-၁-၂၀၂၁ ရက်စွဲပါ စီမံရေးရာအမိန့်စာအမှတ် ၀၁၇၇/၂၀၂၁ အရ ကုန်သွယ်ရေးဦးစီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၂၆) ရက်နေ့ရက်စွဲပါ စီမံရေးရာအမိန့် စာအမှတ်(၀၀၆၈/၂၀၂၀)ဖြင့် ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲမှ စားသုံးသူရေးရာဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင် ဦးစီးမှူးရုံးတွင် ခေတ္တတွဲဖက်တာဝန်ထမ်းဆောင်နေသော ဦးအောင်ကိုဦး (၁၄/အဂပ(နိုင်)၁၆၀၆၈၈)၊ ကွန်ပျူတာကြီးကြပ်ရေးမှူးအားဝန်ကြီးရုံး၏ (၁၂-၁-၂၀၂၁) ရက်စွဲပါ ခွင့်ပြုစာအမှတ်(၇၆)အရ (၁၄-၁-၂၀၂၁) ရက်နေ့မှစ၍ ကုန်သွယ်ရေးဦးစီးဌာန နေပြည်တော် (ရုံးချုပ်) သို့ ပြောင်းရွှေ့ပြီး ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲတွင် တာဝန်ချထားလိုက်သည်။

၁၁။ ၁၄-၁-၂၀၂၁ ရက်စွဲပါ စီမံရေးရာအမိန့်စာအမှတ် ၀၁၇၈/၂၀၂၁ အရ ကုန်သွယ်ရေးဦးစီးဌာန၊ စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲမှ ဦးလှအေး (၁၂/ လမန (နိုင်) ၁၁၄၅၇၃)၊ ဆက်သွယ်ရေး-၂ကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈)၊ နည်းဥပဒေ (၉၃) အရ (၁၁-၁-၂၀၂၁ မှ ၂၄-၁-၂၀၂၁ ထိ) ဆေးလက်မှတ်ခွင့် (၁၄) ရက် ခံစားခွင့်ပြုလိုက်ပြီး ၎င်းအမှုထမ်းသည် ခွင့်ရက်များ ကုန်ဆုံးပါကမိမိ၏ မူလတာဝန်များကို ပြန်လည်ထမ်းဆောင်ရန် Duty Report နှင့်အတူ သက်ဆိုင်ရာဆရာဝန်၏ ကျန်းမာကြောင်း ထောက်ခံချက် (Fit Certificate) ကို ပြန်လည်တင်ပြရန်ဖြစ်သည်။

၁၂။ ၁၄-၁-၂၀၂၁ ရက်စွဲပါ စီမံရေးရာအမိန့်စာအမှတ် ၀၁၇၉/၂၀၂၁ အရ ကုန်သွယ်ရေးဦးစီးဌာန၊ စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲမှ ဒေါ်အေးမွန်စံ (၅/တဆန(နိုင်)၁၃၃၁၂၉)၊ ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူးကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈)၊ နည်းဥပဒေ (၁၀၁) ၊ နည်းဥပဒေခွဲ (က)အရ ကုန်သွယ်ရေးဦးစီးဌာန၏(၁၁-၁၁-၂၀၂၀) ရက်စွဲပါ စီမံရေးရာအမိန့်စာအမှတ် (၀၀၃၆/၂၀၂၀) ဖြင့် (၁-၁၂-၂၀၂၀ မှ ၃၁-၅-၂၀၂၁ထိ) မီးဖွားခွင့် (၆) လ ခံစားခွင့်ပြုခဲ့ခြင်းအစား (၁၈-၁၁-၂၀၂၀ မှ ၁၇-၅-၂၀၂၁ ထိ ) မီးဖွားခွင့် (၆) လ ပြောင်းလဲခံစားခွင့်ပြုလိုက်သည်။

၁၃။ ၁၈-၁-၂၀၂၁ ရက်စွဲပါ စီမံရေးရာအမိန့်စာအမှတ် ၀၁၈၀/၂၀၂၀-၂၀၂၁ အရ ကုန်သွယ်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အမှုထမ်း (၈) ဦးတို့ကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၅၄၊ နည်းဥပဒေခွဲ (က) အရ ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြပါ နှစ်တိုးစေ့ရောက်သည့် နေ့ရက်မှစတင်၍ နှစ်တိုးအပါအဝင် လစာငွေများကို ခံစားခွင့်ပြုလိုက်သည်-

| စဉ် | အမည်/မှတ်ပုံတင်အမှတ် | ရာထူး | ဌာန | နှစ်တိုး ခံစားမည့်ရက် | နှစ်တိုး လစာ(ကျပ်) |
|---|---|---|---|---|---|
| (က) | ဒေါ်ကြူကြူဝင်း<br>၁၂/လသန(နိုင်)၀၀၄၅၄၀ | ဦးစီးမှူး | ပို့/သွင်း<br>(ရန်ကုန်) | ၁၈-၁-၂၀၂၁ | ၂၄၄၀၀၀ |
| ( ခ ) | ဦးကျော်စိုး-၂<br>၁၄/ပသရ (နိုင်)၀၇၄၅၅၃ | ဒု-ဦးစီးမှူး | စီမံ | ၁၈-၁-၂၀၂၁ | ၂၂၆၀၀၀ |
| (ဂ) | ဦးအောင်နိုင်ဝင်း<br>၇/လပတ (နိုင်)၀၆၁၉၆၄ | ဒု-ဦးစီးမှူး | ပို့/သွင်း | ၁၈-၁-၂၀၂၁ | ၂၂၆၀၀၀ |
| (ဃ) | ဒေါ်ခင်စုလှိုင်<br>၅/အတန (နိုင်) ၀၄၉၁၄၀ | ဒု-ဦးစီးမှူး | ပို့/သွင်း | ၁၈-၁-၂၀၂၁ | ၂၂၆၀၀၀ |
| ( င ) | ဒေါ်ငြိမ်းငြိမ်းဖြိုး<br>၁၂/ဥကမ (နိုင်) ၁၈၁၅၃၇ | ဒု-ဦးစီးမှူး | ကျိုင်းတုံ | ၁၈-၁-၂၀၂၁ | ၂၂၆၀၀၀ |
| ( စ ) | ဒေါ်မျိုးပပအေး<br>၁၂/သခန (နိုင်)၀၇၄၃၄၅ | ဒု-ဦးစီးမှူး | နယ်ရုံး | ၁၈-၁-၂၀၂၁ | ၂၂၆၀၀၀ |
| (ဆ) | ဦးအောင်မျိုးနိုင်<br>၁၃/ကလတ (နိုင်) ၀၃၃၂၉၃ | ဒု-ဦးစီးမှူး | မူဆယ် | ၁၈-၁-၂၀၂၁ | ၂၂၆၀၀၀ |
| ( ဇ ) | ဦးရဲစိုးဦး<br>၁၂/ဒဂတ (နိုင်)၀၂၄၀၄၃ | ဌာနခွဲစာရေး | ထားဝယ်အထူး စီးပွားရေးဇုန် | ၁၈-၁-၂၀၂၁ | ၂၂၆၀၀၀ |

၁၄။ ၁၉-၁-၂၀၂၁ ရက်စွဲပါ စီမံရေးရာအမိန့်စာအမှတ် ၀၁၈၁/၂၀၂၁ အရ ကုန်သွယ်ရေးဦးစီးဌာန၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်မှ ညွှန်ကြားရေးမှူး ဦးမိုးဇော်ဦး (၈/မကန (နိုင်) ၁၆၀၆၂၉) အား (၁၉-၁-၂၀၂၁) ရက်နေ့မှစ၍ ကုန်သွယ်မှုပညာပေးရေးဌာနခွဲသို့ ပြောင်းရွှေ့တာဝန်ချထားပြီး ကုန်သွယ်မှုပညာပေးရေးဌာနခွဲ၏ တာဝန်ခံလုပ်ငန်းတာဝန်များအပြင် ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ တာဝန်ခံအဖြစ် ပူးတွဲတာဝန်ပေးအပ်လိုက်သည်။

၁၅။ ၁၉-၁-၂၀၂၁ ရက်စွဲပါ စီမံရေးရာအမိန့်စာအမှတ် ၀၁၈၂/၂၀၂၁ အရ ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးချိုထွေး (၁၂/သကတ (နိုင်) ၁၂၄၁၇၁) အား (၁၉-၁-၂၀၂၁) ရက်နေ့မှစ၍ ကုန်သွယ်မှုမူဝါဒဌာနခွဲသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

၁၆။ ၁၉-၁-၂၀၂၁ ရက်စွဲပါ စီမံရေးရာအမိန့်စာအမှတ် ၀၁၁၀/၂၀၂၁ အရ ကုန်သွယ်ရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲမှ ဦးဇော်မင်း (၁၄/ဒဒရ (နိုင်) ၀၁၀၅၇၄)၊ ဌာနခွဲစာရေးသည် (၅-၁၂-၂၀၂၀) ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ၎င်း၏ တရားဝင်ဇနီး (ကြီး) ဖြစ်ပြီး နောက်အိမ်ထောင်မပြုသေးသည့် ဒေါ်မြင့်မြင့်ခိုင် (၇/ကဝန (နိုင်) ၀၅၈၇၉၀) ကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ-၂၅၀၊ နည်းဥပဒေခွဲ (က) ၊နည်းဥပဒေခွဲငယ် (၃) အရ (၆-၁၂-၂၀၂၀) ရက်နေ့မှစ၍ မိသားစုပင်စင်ခံစားခွင့်ပြုလိုက်သည်။

၁၇။ ၂၀-၁-၂၀၂၁ ရက်စွဲပါ စီမံရေးရာအမိန့်စာအမှတ် ၀၁၈၃/၂၀၂၁ အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့ ရက်စွဲပါ ရုံးအမိန့်စာအမှတ်(၂/၂၀၂၁)အရ ကုန်သွယ်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ အရာထမ်း(၁)ဦးနှင့် အမှုထမ်း(၂) ဦးတို့အား ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့ နံနက်ပိုင်းမှစ၍ မူပိုင်ခွင့်ဦးစီးဌာနသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| **စဉ်** | **အမည်/ မှတ်ပုံတင်အမှတ်** | **ရာထူး** | **လက်ရှိဌာနခွဲ** |
|---|---|---|---|
| (က) | ဦးအောင်သန်းထူး<br>၁၂/သဃက(နိုင်)၀၈၉၇၉၇ | ဦးစီးအရာရှိ | ဒေသတွင်း |
| ( ခ ) | ဒေါ်မိုးမိုးပိုင်<br>၁၃/လရန(နိုင်)၀၀၁၉၅၅ | စာရင်းကိုင်-၂ | ငွေစာရင်း |
| ( ဂ ) | ဒေါ်ရင်လှိုင်းခတ်<br>၈/မကန(နိုင်)၁၁၂၁၀၄ | ဒု-ဦးစီးမှူး | နယ်ရုံး |

၁၈။ ၂၀-၁-၂၀၂၁ ရက်စွဲပါ စီမံရေးရာအမိန့်စာအမှတ် ၀၁၈၄/၂၀၂၁ အရ ကုန်သွယ်ရေးဦးစီးဌာန၊ ဌာနတွင်းလုပ်ငန်းနှင့် စာရင်းစစ်ဆေးရေးဌာနခွဲမှ ဦးဘရန်အောင် (၁၃/နခန (နိုင်) ၀၄၇၄၅၂)၊ ဌာနခွဲစာရေးကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈)၊ နည်းဥပဒေ (၈၇) အရ (၁၉-၁-၂၀၂၁ မှ ၂၂-၁-၂၀၂၁ ထိ )လုပ်သက်ခွင့် (၄) ရက် ခံစားခွင့်ပြုလိုက်သည်။

၁၉။ ၂၀-၁-၂၀၂၁ ရက်စွဲပါ စီမံရေးရာအမိန့်စာအမှတ် ၀၁၈၅/၂၀၂၁ အရ ကုန်သွယ်ရေးဦးစီးဌာန၏ (၂၈-၁၂-၂၀၂၀) ရက်စွဲပါ စီမံရေးရာအမိန့်စာအမှတ် (၀၁၄၇) ဖြင့် စီမံရေးရာဌာနခွဲတွင် တာဝန်ချထားခဲ့သော ဦးအောင်ကျော်မိုး-၁ (၁၂/ဥကမ (နိုင်) ၀၄၁၃၄၅)၊ လက်ထောက်ညွှန်ကြားရေးမှူးအား (၂၁-၁-၂၀၂၁) ရက်နေ့မှစ၍ ဌာနတွင်းလုပ်ငန်းနှင့် စာရင်းစစ်ဆေးရေးဌာနခွဲသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

၂၀။ ၂၀-၁-၂၀၂၁ ရက်စွဲပါ စီမံရေးရာအမိန့်စာအမှတ် ၀၁၁၁/၂၀၂၁ အရ ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာ့စီးပွားရေးဘဏ် (မြောက်ဥက္ကလာပ) တွင် အငြိမ်းစားလစာများ ထုတ်ယူခံစားနေသော ကုန်သွယ်ရေးဦးစီးဌာနမှ ဦးမျိုးဦး၊ လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း) သည် (၃-၁၁-၂၀၂၀) ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ၎င်း၏ တရားဝင်ဇနီး (ကြီး) ဖြစ်ပြီး နောက်အိမ်ထောင်မပြုသေးသည့် ဒေါ်သိန်းသိန်းဌေး (၁၂/စခန (နိုင်) ၀၂၂၅၇၁) ကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ -၂၅၀၊ နည်းဥပဒေခွဲ (ခ) ၊ နည်းဥပဒေခွဲငယ် (၁ ၊ ၂) အရ (၄-၁၁-၂၀၂၀) ရက်နေ့မှစ၍ မိသားစုပင်စင် ခံစားခွင့်ပြုလိုက်သည်။

၂၁။ ၂၀-၁-၂၀၂၁ ရက်စွဲပါ စီမံရေးရာအမိန့်စာအမှတ် ၀၁၁၂/၂၀၂၁ အရ ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာ့စီးပွားရေးဘဏ် (အင်းစိန်)တွင် အငြိမ်းစားလစာများ ထုတ်ယူခံစားနေသော ယခင်ယာဉ်နှင့် စက်ကိရိယာပစ္စည်းရောင်းဝယ်ရေးမှ ဦးခင်ရွှေ၊ ကျွမ်းကျင်-၅ သည် (၁၇-၁၀-၂၀၂၀) ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ၎င်း၏ တရားဝင်ဇနီး (ကြီး) ဖြစ်ပြီး နောက်အိမ်ထောင်မပြုသေးသည့် ဒေါ်တင်အေး (၁၂/အစန (နိုင်) ၀၃၇၃၇၄) ကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ -၂၅၀၊ နည်း ဥပဒေခွဲ (ခ) ၊ နည်းဥပဒေခွဲငယ် (၁ ၊ ၂) အရ (၁၈-၁၀-၂၀၂၀) ရက်နေ့မှစ၍ မိသားစုပင်စင် ခံစားခွင့်ပြုလိုက်သည်။